*တိုင်းမဂ္ဂဇင်းရဲ့ အင်တာနက် စာမျက်နှာမှာ ဖေါ်ပြခဲ့တဲ့ "ANDREW MARSHALL / RANGOON" ရဲ့ "ANATOMY OF FAILED REVOLUTION" ကို ဆီလျော်အောင် ဘာသာပြန်ထားခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်းက လူတွေ အလွယ်တကူ ဖတ်ရှုနိုင်အောင် ရည်ရွယ်ချက်နဲ့ပါ။*

"ခင်ဗျား ဒီဘက်နား ကပ်နေသင့်တယ်" လို့ ကျွန်တော့အနောက်ဖက်မှာ ရှိတဲ့ လူအုပ်ထဲက မိန်းမပျိုလေးတစ်ယောက်က လှမ်းပြောတာပါ။ ပြီးတော့ သူကပဲ ဆက်ပြီး "နိုင်ငံခြားသားတွေ ဒီမှာရှိနေရင် သူတို့ ပစ်မှာ မဟုတ်ဘူး" လို့ ဆက်ပြီးပြောပါတယ်။ အဲဒါကတော့ စက်တင်ဘာလ ၂၇ ရက်နေ့ နေ့လည် ၁ နာရီ အချိန်လောက် မှာပါ။ ကျွန်တော်ဟာ ထောင်နဲ့ချီတဲ့ ဒီမိုကရေစီ တောင်းဆို ဆန္ဒပြသူတွေ ကြားထဲမှာ ရောက်နေပါတယ်။ နေရာကတော့ ရန်ကုန်မြို့လည်ခေါင်က ဆူးလေ စေတီတော် နားမှာပါ။ ကျွန်တော်တို့ရဲ့ မျက်နှာချင်းဆိုင်မှာတော့ စစ်သားတစ်ရာလောက်ဟာ သေနတ်တွေကို အစဉ်သင့်ကိုင်ပြီး စောင့်နေပါတယ်။ ကျွန်တော့အနောက်နားက မိန်းမပျိုလေး မျှော်လင့်နေတာကတော့ အနောက်တိုင်းသား တစ်ယောက်ကို ပစ်မိပြီး နိုင်ငံတစ်ကာမှာ ဂယက်ရိုက်ခက်သွားမှာကို သူတို့မလိုလားလောက်ဘူးဆိုတာ ကျွန်တော်ရိပ်မိပါတယ်။ အဲဒီနေရာမှာ ကျွန်တော်ရှိနေတာ သူတို့အတွက် အကာအကွယ်ဖြစ်မယ်လို့လဲ မျှော်လင့်နေပုံ ရပါတယ်။ သူမရဲ့မျှော်လင့်ချက် မှားယွင်းနေတယ် ဆိုတာ မကြာခင်မှာပဲ သိရတော့မှာပါ။ ဒါပေမယ့် အဲဒီ အခိုက်အတန့်မှာတော့ ဆန္ဒပြသူတွေဟာ ကြောက်ရွံ့ခြင်း မရှိကြတဲ့အပြင် စိတ်အား တက်ကြွနေကြပါတယ်။ သူတို့ဟာ ဗုဒ္ဓရဲ့ ဂါထာတော်တွေကို ရွတ်ဆိုနေကြပါတယ်။ အဲဒီ ရွတ်ဆိုသံတွေဟာ ကျွန်တော့ကို ရက်ပေါင်းများစွာ ခြောက်လှန့်နေမှာပါ။

လူအချင်းချင်း နှိပ်စက်ခြင်း ကင်းဝေးကြပါစေ။
ဒို့မေတ္တာစွမ်းကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။

ဒီမေတ္တာသုတ်ကို စတင်ရွတ်ဆိုခဲ့တာ ဘုန်းတော်ကြီးတွေပါ။ သူတို့ ရွတ်ဆိုနေတာ အခုဆို တစ်ပတ်တောင် မကတော့ပါဘူး။ သူတို့တွေဟာ လမ်းတွေပေါ်မှာ ငြိမ်းချမ်းစွာ လမ်းလျှောက် ရွတ်ဆိုရင်း ရာစုနှစ် တစ်ဝက်မက ကြာအောင် ဖိနှိပ်အုပ်ချုပ်နေတဲ့ စစ်အုပ်စုကို တိုင်းပြည်ပြောင်းလဲရေး အတွက် တောင်းဆိုနေကြတာပါ။ မြန်မာပြည်မှာ သံဃာတော် အရေအတွက်နဲ့ စစ်သားအရေအတွက်ဟာ မတိမ်းမယိမ်းပါပဲ။ သံဃာတော် အရေအတွက် ခန့်မှန်း ၃၀၀,၀၀၀ လောက်နဲ့ စစ်သား အရေအတွက် ၄၀၀,၀၀၀ လောက် ရှိပါတယ်။ ဒါပေမယ့် သူတို့တွေရဲ့ ခံယူချက်တွေဟာ မတူညီကြပါဘူး။ သံဃာတော်တွေဟာ ငြိမ်းချမ်းရေး နဲ့ လွတ်လပ်မှု ကို ဆုတောင်းကြပေမယ့် စစ်တပ်ကတော့ သေနတ်ပြောင်းနဲ့ ချိန်ပြီး အာမခံဖို့ တောင်းဆိုပါတယ်။ ဒီဆန္ဒပြပွဲဟာ ပြည်သူလူထု တစ်ရပ်လုံးက မြတ်နိုး ကိုးကွယ်ကြတဲ့ သံဃာတော်တွေနဲ့ ပြည်သူ့ချဉ်ဖတ် စစ်တပ်တို့ ထိပ်တိုက်တွေ့တဲ့ပွဲပါ။

"ဒီဘက်တိုး ဒီဘက်တိုး" လို့ မိန်းမပျိုလေးက ထပ်ပြောပါတယ်။ စစ်သားတွေနဲ့ ကျွန်တော်တို့ လူအုပ်ရဲ့ အကွာအဝေးဟာ ခန့်မှန်းချေ ကိုက်တစ်ရာ လောက်ပဲ ရှိပါတော့တယ်။ ကျွန်တော်ကတော့ အရမ်းနီးနေပြီ လို့ ထင်နေမိတယ်။ ကျွန်တော့ စိတ်ထဲမှာလည်း မနေ့ညက ဘုန်းတော်ကြီး ကျောင်းတွေကို စစ်တပ်က အကြမ်းဖက် ဝင်းစီးတဲ့ သတင်းတွေကို ထပ်တလည်းလည်း ပြန်တွေးနေမိထယ်။ အဲဒီ စစ်သားတွေကပဲ ၁၉၈၈ ခုနှစ် မြန်မာနိုင်ငံရဲ့ အကြီးဆုံး ဒီမိုကရေစီ လှုပ်ရှားမှုကြီးတုန်းက ပြည်သူတွေ ထောင်နဲ့ချီပြီးသတ်ဖြတ်ခဲ့တာကို ကျွန်တော် သိတယ်။ သူတို့ဟာ နိုင်ငံခြားသားတွေ ရှိရှိ မရှိရှိ ပစ်ဖို့ဝန်မလေးဘူးဆိုတာလည်း ကျွန်တော်သိတယ်။ စက္ကန့် ပိုင်းလောက်အတွင်းမှာပဲ သူတို့စပစ်တော့တာပါပဲ။

အဲဒီအချိန်ကစပြီး ကမ္ဘာ့ မယုံနိုင်ကောင်းဆုံး အံ့ကြွမှုကြီးရဲ့ တောက်ပတဲ့ မြင်ကွင်းတွေ ဖြစ်တဲ့ ချီတက်နေတဲ့ ဘုန်းတော်ကြီးတွေ၊ စိတ်ဓါတ် တက်ကြွနေတဲ့ ကျောင်းသားထုရဲ့ မြင်ကွင်းတွေ၊ ရွှေရောင် တလက်လက်နဲ့ ဘုရားပုထိုးတွေ၊ ရေစိုနေတဲ့ ကတ္တရာလမ်းမတွေ အဲဒါမြင်ကွင်းတွေ အားလုံး ကမ္ဘာ့ပျက်သလို ပြောင်းလဲကုန်ပါပြီ။

လွန်ခဲ့တဲ့ ဆယ်စုနှစ်ကတည်းက ကျွန်တော် ဒီနိုင်ငံကို ချစ်မြတ်နိုးခဲ့ရတာပါ။ မြန်မာနိုင်ငံရဲ့ ကြွယ်ဝလှတဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေ၊ ရင်သတ်ရှုမောဖွယ် ပါတ်ဝန်းကျင် ရှုခင်းတွေ နဲ့ ယဉ်ကျေးသိမ်မွေ့လှတဲ့ ပြည်သူတွေဟာ ကျွန်တော့်ကို ဖမ်းစားထားခဲ့ပါတယ်။ အထီးကျန်ဆန်စေမှု နဲ့ တရားမဲ့ အဖမ်းအဆီးတွေကို ကြောက်ရွံ့နေရမှု တွေထဲကနေ မြန်မာပြည်သူတွေဟာ ကမ္ဘာကို ဆက်ဆံလိုစိတ်တွေ ပြင်းပြတဲ့ ပြောကြားလိုစိတ်တွေ တာရှည်ခံမယ့် ရင်းနှီးမှုတွေ ရလွယ်တာ ကျွန်တော် တွေ့ရတယ်။ တစ်ဒါဇင်ထက်မနည်း ကျွန်တော်သွားရောက်ခဲ့တဲ့ အကြိမ်တိုင်းမှာ မြန်မာပြည်ရဲ့ အခြေအနေတွေဟာ ပိုပို ဆိုးလာတာကို တွေ့မြင်နေရတယ်။ ပြည်သူတွေဟာ ပိုပိုပြီး ဆင်းရဲလာကြတယ်။ အဟာရ ချို့တဲ့မှုတွေ နဲ့ ကူးစက်ရောဂါတွေ ပြန့်နှံ့နေတယ်။ ဆေးရုံတွေ ကျောင်းတွေဟာ လျစ်လျူ ရှုမှုတွေကြောင့် အဆင့်အတန်းနိမ့်ကျ လာနေတယ်။ နယ်စပ်ဒေသတွေမှာလည်း တိုင်းရင်းသားလူမျိုးစုတွေဟာ ဖိနှိပ်ခံနေရတယ်။ တည်ညိမ်မှု ရှိတာဆိုလို့ ၁၉၆၂ ခုနှစ်ကတည်းက အာဏာကို လုယူထားတဲ့ စစ်အုပ်စု တစ်ခုတည်းရှိတယ်။ ဒါပေမယ့် ကောင်းတဲ့ ပြောင်းလဲမှု တစ်ချို့လဲ ရှိပါတယ်။ ၂၀၀၄ ခုနှစ် အတွင်းစည်း ရှင်းလင်းမှုတွေကနေ ထောက်လှမ်းရေး ကွန်ရက်ကို ဂရက် ရိုက်လာခဲ့ပါတယ်။ နောက်တစ်နှစ်မှာတော့ စစ်အစိုးရဟာ ဝေးလံတဲ့ နေရာကို သူတို့ရဲ့ မြို့တော်ကို ရွှေ့ခဲ့ပါတယ်။ အဲဒီမြို့တော်ကိုလည်း ဘုရင်နန်းစိုက်ရာ မြို့လို့ အမည်ရတဲ့ နေပြည်တော် ဆိုပြီးနာမည် ပေးခဲ့ပါတယ်။ ရုတ်ခြည်းဆိုပဲ ရန်ကုန်နေ ပြည်သူလူထုတွေဟာ အနည်းငယ် ပိုလွတ်လပ်သွားပါတယ်။ မိုဘိုင်းလ် ဖုန်းတွေနဲ့ အင်တာနတ်တွေလည်း သုံးစွဲခွင့် ရရှိလာကြတယ်။ စစ်အစိုးရရဲ့ ထိန်းချုပ်မှုတွေရယ် ဈေးအဆမတန် ကြီးတာတွေရယ် ကြားထဲက ပြည်သူတွေဟာ သုံးစွဲခဲ့ကြရတယ်။ ၁၉၈၈ အရေးအခင်းတုန်းက ထိမ်းသိမ်းခံထားရတဲ့ ကျောင်းသားခေါင်းဆောင်တွေဟာ ပြန်လည်လွတ်မြောက်လာကြပြီးနောက် တိတ်တိတ်ဆိတ်ဆိတ်ပဲ ပြန်လည် စုစည်း ခဲ့ကြတယ်။ ပြီးခဲ့တဲ့ နှစ်လကစပြီးတော့ ၈၈ မျိုးဆက် ကျောင်းသားတွေဟာ စစ်အစိုးရရဲ့ လောင်စာဆီ ရုတ်တရက် တိုးမြှင့်မှု ကို ကန့်ကွက်တဲ့အနေနဲ့ လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြရပါတယ်။
စစ်အစိုးရဟာ သူတို့ကို အလျှင်အမြန်ပဲ ဖြိုခွင်းနိုင်ခဲ့တယ်လို့ ယုံကြည်ခဲ့ပါတယ်။ အဲဒီနောက် ၃-ပါတ်အကြာ ကျွန်တော် ရန်ကုန်ကိုရောက်တော့ ကျွန်တော်မြင်တွေ့နေရတဲ့ မြင်ကွင်းဟာ အိပ်မက် မက်နေသလိုပါပဲ။ ကျွန်တော် ပထမဆုံး တွေ့ရတဲ့ မြင်ကွင်းကတော့ သံဃာတော်တွေ ချီတက် ဆန္ဒပြနေကြတာပါ။

စက်တင်ဘာလ ၂၃ ရက်နေ့ (တနင်္ဂနွေနေ့)
ရန်ကုန်မြို့ရဲ့ မြောက်ဘက် နှစ်မိုင်ခန့်မှာရှိတဲ့ မြန်မာပြည်သူတွေ အထွဋ်အမြတ်ထားရာ ရွှေတိဂုံ စေတီတော်ကြီးဆီကနေ သံဃာတော်တွေဟာ စုစည်းညီညွတ်စွာ စတင်ကြွချီလာခဲ့ ကြပါတယ်။ ကြွချီလာတဲ့ သံဃာတော်တန်းကြီးဟာ တစ်မိုင်မက ရှည်လျားပါလိမ့်မယ်။ သံဃာတော်တွေဟာ ခြေဗလာနဲ့ ကြွချီလာကြတာပါ။ သူတို့ ရုံထားတဲ့ သင်္ကန်းတော်တွေဟာ သည်းကြီးမည်းကြီး ရွာထားတဲ့မိုးကြောင့် ရွှဲနစ်နေသည့်တိုင်အောင် တရားတော်တွေ ရွတ်ဆို မပြတ်ပါဘူး။ တက်တက်ကြွကြွ ချီတက်လာတဲ့ သံဃာတော်တွေဟာ ဆူးလေ စေတီတော်ကို အရောက်မှာ ရပ်တန့်ပြီး ရှိခိုးဦးခိုက်ကြပါတယ်။ အဲဒီနောက် မြို့တွင်းက လမ်းတွေအတိုင်း ချီတက်သွားကြတာ လူ့ခန္ဓာကိုယ်ထဲက သွေးတွေ သွေးကြောထဲမှာ စီးဆင်းနေသလိုပါပဲ။ သံဃာတော်တွေ ချီတက်လာတာကို မြင်တွေ့လိုက်ရတဲ့ ရန်ကုန်မြို့နေ ပြည်သူ

လူထုကြီးဟာ ဝမ်းသာတုန်လှုပ် ဖြစ်ခဲ့ရပါတယ်။ အစပထမ မှာတော့ ရပ်ကြည့်နေတဲ့ လူတွေထဲက သတ္တိရှိတဲ့ လူတစ်ချို့ ဟာ လက်ခုပ်လက်ဝါးတီးပြီး အားပေးခဲ့ကြပါတယ်။ နောက်တစ်ဖြည်းဖြည်းနဲ့ လူတွေပိုပို များများလာပါတယ်။ နောက်ဆုံးမှာတော့ ထောင်နဲ့ချီတဲ့ လူအုပ်ကြီးဟာ သံဃာတော်တွေနဲ့အတူ ပူပေါင်းပါဝင်လာကြပါတယ်။ သူတို့ဟာ ဒီမိုကရေစီ ဒီမိုကရေစီ ဆိုပြီး တိုင်တည်ဟစ်ကြွေးခဲ့ကြပါတယ်။ မနေ့ကလည်းပဲ ဆန္ဒပြသူတစ်ချို့ဟာ ကန်စပ်မှာရှိတဲ့ ဒီမိုကရေ လှုပ်ရှားမှု သင်္ကေတ ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် နဲ့ တွေ့ခဲ့ရတယ်လို့လည်း ကျွန်တော်ကြားသိခဲ့ရပါသေးတယ်။ သူမဟာ မြန်မာနိုင်ငံ ရောက်ရှနေခဲ့တယ့် ၁၈နှစ် အတွင်းမှာ ၁၂နှစ်ကျော်ဟာ အိမ်မှာ အကျယ်ချုပ်နဲ့ နေခဲ့ရပါတယ်။ သူမဟာ လုံထိန်းရဲတွေ ကာရံထားတဲ့ ခြံတံခါးနောက်ကနေ ကြွချီလာကြတဲ့ သံဃာတွေကို ၁၅ မိနစ်ကြာမျှ ဖူးမျှော်ခွင့် ရရှိခဲ့ပါတယ်။ အဲဒီနောက် သံဃာတော်တွေနဲ့ လူအုပ်ကြီးဟာ မျက်ရည်စက်လက်နဲ့ ဆက်လက်ချီတက် သွားကြပါတယ်။

စက်တင်ဘာလ ၂၄ ဂုက်နေ့ (တနင်္လာနေ့)
နေရာကတော့ ရွှေတိဂုံစေတီတော်ကြီးရဲ့ အရိပ်အောက်မှာပါ။ ၈၈ လှုပ်ရှားမှုနဲ့ သူ့ရဲ့ နိုင်ငံရေး အယူဝါဒကြောင့် ထောင်ထဲကို ၃-ကြိမ်ရောက်ခဲ့ဖူးတယ့် ကဗျာဆရာ အောင်ဝေးဟာ ကျွန်တော့်ရဲ့ လက်ထဲကို သူ့ရဲ့ ကဗျာစာရွက်လေးတစ်ရွက် လာထိုးထဲ့ပေးသွားပါတယ်။ သံဃာတော်တွေတစ်ချို့ဟာ ကွမ်းတွေဝါးနေကြပြီး သူတို့ရဲ့ ပါးစပ်တွေဟာ ကွမ်းသွေးတွေနဲ့ ရဲရဲနီနေတာဟာ သတိပေးနေသလိုပါပဲ။ သက်တော် ၄၉ နှစ်ရှိကိုယ်တော်တစ်ပါးဟာ လက်ထဲမှာ Francis Fukuyama ရဲ့ The Great Disruption ဘာသာပြန်စာအုပ်ကို လက်ထဲမှာ ကိုင်ထားပါတယ်။ အဲဒီကိုယ်တော်က ကျွန်တော့်ကို့ သူတို့ဟာ အချက် ၃-ချက် ကို တောင်းဆိုထားတဲ့ အကြောင်းပြောပြပါတယ်။ အဲဒီအချက်တွေကတော့ ၁။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသား အားလုံးကို လွှတ်ပေးရေး ၂။ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို အမြန်ဆုံး ပြန်လည်ဆောင်ရွက်နိုင်ရေး ၃။ ကုန်ဈေးနှုန်း ကျဆင်းရေး တို့ပါပါတယ်။ အဲဒီညနေမှာပဲ စစ်အစိုးရက အကြောင်းပြန်လာပါတယ်။ မြန်မာ့ရုပ်မြင်သံကြားကနေ တစ်ဆင့် သာသနာရေးဝန်ကြီး သူရမြင့်မောင်ဟာ သံဃာတော်တွေကို အာဏာစက်နဲ့ အရေးယူမယ်လို့ ကြေငြာသွားပါတယ်။ နာရီပိုင်းအတွင်းမှာပဲ ထရပ်ကားတွေဟာ မီးရောင်ခပ်မှိန်မှိန် ထွန်းထားတဲ့ ရန်ကုန်မြို့တွင်းက လမ်းတွေပေါ်မှာ လှည့်လည်ပြီး ညမထွက်ရ အမိန့်ကို လိုက်လံကြေငြာပါတယ်။ တစ်ဆက်ထည်းမှာပဲ လူထုကိုလည်း သံဃာတော်တွေနဲ့ အတူ ချီတက်ရင် ဖမ်းမယ်လို့ ခြိမ်းခြောက်ကြေငြာပါတယ်။

စက်တင်ဘာလ ၂၅-ရက်နေ့ (အင်္ဂါနေ့)
စစ်အစိုးရဟာ ဖြိုခွင်းမှုကို ဖြည်းဖြည်းချင်း စတင် လုပ်ဆောင်လာနေပါတယ်။ ထင်ရှားတဲ့ ဒီမိုကရေစီ လှုပ်ရှားသူတွေကို ညဖက်တွေမှာ လိုက်လံ ဖမ်းဆီးနေပါတယ်။ ကဗျာဆရာ ကိုအောင်ဝေးကတော့ ရှောင်နေပါပြီ။ သူပေးခဲ့တဲ့ ကဗျာစာရွက်လေးကို ထုတ်ကြည့်တဲ့အခါ စိတ်ထဲမှာ အပြစ်မကင်းသလို ခံစားရပါတယ်။ သူ့ကဗျာလေးရဲ့ အဓိပ္ပါယ်ကတော့ "လွတ်လပ်ရေးကို တောင်းဆိုသည်။ တပ်မတော်နှင့်ပြည်သူ လက်တွဲကြည်ဖြူ" လို့ရပါတယ်။ အစိုးရပိုင် မီဒီယာတွေကတော့ အခုဆန္ဒပြသံဃာတွေဟာ ဆူပူမှုကို လိုလားသူတွေဖြစ်တယ်။ တိုင်းပြည်အေးချမ်းသာယာနေတာကို မနာလို မရှုဆိမ့်သူတွေအဖြစ် စွပ်စွဲနေပါတယ်။
ဖမ်းဆီးဖြိုခွဲမှုတွေ ပြုလုပ်နေပေမယ့် သံဃာတော်တွေဟာ ဆက်လက်ချီတက် ဆန္ဒပြနေကြပါတယ်။ ဆန္ဒပြ သံဃာတော်တွေနဲ့ ကျောင်းသားပြည်သူတွေ ဘယ်လောက်များသလဲဆိုရင် ရန်ကုန်မြို့လယ်ခေါင်ဟာ

ပွဲတော်ကျင်းပနေတဲ့ အတိုင်းပါပဲ။ ကျောင်းသားတွေကလည်း သူတို့ရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ အနီရောင် ခွပ်ဒေါင်းအလံတွေကို ဝှေ့ရမ်းပြီး ပူးပေါင်းပါဝင် ချီတက်ဆန္ဒပြကြပါတယ်။ လူတန်းကြီးရဲ့ နောက်ဆုံးမှာ ပန်းရောင် သင်္ကန်းတွေ ဝတ်ဆင်ထားတဲ့ သီလရှင်တွေကို တွေ့ရပါတယ်။

စက်တင်ဘာလ ၂၆-ရက်နေ့ (ဗုဒ္ဓဟူးနေ့)

စစ်အစိုးရဟာ ရွှေတိဂုံဘုရား အရှေ့ဖက်မုခ်တံခါးကို ပိတ်ထားပါတယ်။ အဲဒီမှာ စောင့်ကြပ်နေတဲ့ စစ်သားတွေ၊ လုံထိန်းတွေနဲ့ ဒေါသထွက်နေတဲ့ သံဃာတော်တွေ ကျောင်းသားတွေဟာ ထိပ်တိုက်တွေ့နေကြပါပြီ။ မကြာခင်မှာပဲ စစ်တပ်ဟာ ဆန္ဒပြသူတွေ ခြောက်လှန့်ဖို့ မျက်ရည်ယိုဗုံးတွေ ခွဲပြီး ဆန္ဒပြနေသူတွေကို တုတ်တွေနဲ့ ဝင်ရိုက်ပါတယ်။ ဆန္ဒပြသူတွေဘက်က ပြန်လှန်တိုက်ခိုက်မှုတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာတော့ ကျည်အစစ်တွေကို ခေါင်းပေါ်ကနေ ကျော်ပစ်ပါတယ်။ မီးခိုးလုံးတွေကြားကနေ အုတ်ခဲကျိုးကိုင်ထားတဲ့ အသက် ၂၄-နှစ်ရှိ ကျောင်းသား ကိုသူရိန် ပြေးထွက်လာပါတယ်။ သူဟာ "ဒီကောင်တွေဟာ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ဘူး" "ဒီကောင်တွေဟာ လူတွေ မဟုတ်ဘူး" လို့ ပေါက်ကွဲအော်ဟစ်နေပါတယ်။ ကျွန်တော့်ကိုလည်း ကမ္ဘာကိုပြောပေးပါ။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဘုရားရှိခိုးဖို့ လာတဲ့သူတွေကို ဒီကောင်တွေ ဒုတ်နဲ့ရိုက်တယ် လို့ပြောပါတယ်။

ဒဏ်ရာရထားတဲ့ ကိုယ်တော်တွေဟာ ပြုစုကုသမှုတွေ ခံယူပြီးတဲ့နောက် သံဃာတော်တွေဟာ မြို့ထဲကို ချီတက်သွားကြပါတယ်။ သူတို့နောက်ကို စစ်သားတွေ လုံထိန်းတွေ အပြည့်ပါတဲ့ စစ်ကားတွေနဲ့ လိုက်လံဖမ်းဆီးကြပါတယ်။ အဲဒီစစ်ကားတွေ ဆူးလေစေတီတော် အနီးကို ရောက်လာတဲ့အခါ လူတွေက ဝိုင်းဝန်းအော်ဟစ် လှောင်ပြောင်ကြပါတယ်။ လူတစ်ချို့က လေးခွတွေနဲ့ ပစ်ပါတယ်။ အဲဒီမှာ စစ်သားတွေက ထပ်ပြီး ခေါင်းတွေပေါ်ကနေ ကျော်ပစ်ပြန်ပါတယ်။ မှောင်ရီဖြိုးဖြ အချိန်ကို ရောက်လာတဲ့အခါမှာတော့ လူစုကွဲသွားပါတယ်။ ပုံမှန် ညဖက်မှာ လမ်းဘေးလှော်ကျည်ဆိုင်တွေနဲ့ စည်ကားလေ့ရှိတဲ့ ရန်ကုန်မြို့ဟာ အခုအခါမှာတော့ လူသူကင်းမဲ့ တိတ်ဆိတ်နေပါတယ်။

စက်တင်ဘာလ ၂၇-ရက်နေ့ (ကြာသာပတေးနေ့)

စစ်အစိုးရဟာ ညလုံးပေါက် ရန်ကုန်မြို့အနှံ့မှာရှိတဲ့ ဘုန်းကြီးကျောင်းတွေကို အကြမ်းပတမ်း ဝင်ရောက်စီးနင်း ရိုက်နှက် ဖမ်းဆီးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ငွေကြာရံကျောင်းတိုက်ရဲ့ ကြမ်းပြင်ပေါ်မှာ သွေးအိုင်တွေနဲ့ နံ့ရံတွေပေါ်က ရာဘာကျည်ဆန်ပေါက်တွေဟာ ပြည်သူတွေကို အကြီးအကျယ် ဒေါသဖြစ်စေခဲ့ပါတယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေနဲ့ သံဃာတော်တွေရဲ့ ဘဝဟာ ခွဲခြားလို့ မရပါဘူး။ သံဃာတော်တွေဟာ မင်္ဂလာဆောင်တဲ့ အခါမှာပဲဖြစ်ဖြစ် အသုဘ အခန်းအနားမှာပဲဖြစ်ဖြစ် အကြီးအမှူးအဖြစ် ပါဝင်လေ့ရှိပါတယ်။ သံဃာတော်တွေဟာ မိဘမဲ့ကလေးတွေကို အကာအကွယ်ပေးတယ်။ အေ့(စ်) ရောဂါ ဝေဒနာရှင်တွေကို ကုသပေးတယ်။ ကလေးတွေကို စာသင်ပေးတယ်။ ဗုဒ္ဓဘာသာကို နက်နက်ရှိုင်းရှိုင်း ကိုးကွယ်သူတွေဟာ သံဃာတော်တွေရဲ့ အရိပ်ကိုတောင် မနင်းကြပါဘူး။ အခုနက ဒေါသအပြင်းအထန် ထွက်နေတဲ့ လူအုပ်ကြီးဟာ ငွေကြာရံ ကျောင်းတိုက်ထဲမှာ ရှိနေတဲ့ စစ်သားတွေနဲ့ လုံထိန်းတွေကို ဝိုင်းဝန်းပိတ်ဆို့ထားပါတယ်။ အနီးအနားမှာ ရှိတဲ့ လူတစ်ယောက်က ကျွန်တော့်ကို ပြောပြတာက "ကျွန်တော်တို့မှာ လက်နက်မရှိဘူး။ ကျွန်တော်တို့ ဘုန်းတော်ကြီးတွေကို ကာကွယ်ပေးရမယ်" ဒါပေမယ့် တစ်ဖြည်းဖြည်း မှောင်လာတဲ့အခါ စစ်သားတွေဟာ ကျည်ဆံအစစ်တွေကို သုံးပြီး ဖေါက်ထွက်နိုင်ခဲ့ကြတယ်။ အဲဒီမှာ လူနှစ်ယောက် ကျဆုံးခဲ့ကြရတယ်။

ကျွန်တော် ရောက်ရှိလာတဲ့ အချိန်မှာ ဆူးလေ စေတီတော် အနီးမှာ ထောင်နဲ့ ချီတဲ့ လူအုပ်ကြီးဟာ စုစည်းနေကြပါပြီ။ စစ်အစိုးရရဲ့ ဖမ်းဆီးမှုတွေကြောင့် သံဃာ အနည်းငယ်ခန့်သာ ပါဝင်နိုင်သာကို

တွေ့ရပါတယ်။ စစ်ထရပ်ကား အများအပြား ဆူးလေ လမ်းဆုံကို ရောက်လာကြပါတယ်။ ထရပ်ကားတွေထဲမှာ စစ်သားတွေဟာ သူတို့ရဲ့ သေနတ်တွေကို ဆူညံနေအောင် ထုနေကြပါတယ်။ မျက်ရည်ဗုံးတွေခွဲပြီး စတ္တန့်ပိုင်းမှာပဲ ကျွန်တော်တို့ဟာ သေပြေးရှင်ပြေး ပြေးကြရပါတော့တယ်။ လမ်းပေါ်မှာ ခေါင်းတွေငုံ့ပြီး ကျွန်တော်တို့ ပြေးနေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ နောက်ဘက်မှာ သေနတ်သံတွေ ညံနေပါတယ်။ ကျွန်တော်ရပ်နေတဲ့ မလှမ်းမကမ်းမှာ ဂျပန် ဓါတ်ပုံသတင်းထောက် ရဲ့ အလောင်းရှိနေပါတယ်။ သူဟာ အနီးကပ် သေနတ်နဲ့ ပစ်ခံရတာပါ။ လုံထိန်းတွေဟာ ဆူးလေဘုရားကနေ မြောက်ဘက်ကို ချီတက်လာနေကြပါတယ်။ သူတို့ဟာ ဒိုင်းတွေကို နံပါတ်ဒုတ်တွေနဲ့ တဖြောင်းဖြောင်း ရိုက်နေကြပါတယ်။ ပိုပြီး ထိတ်လန့်စရာ ကောင်းတဲ့မြင်ကွင်းကတော့ လုံထိန်းတွေရဲ့နောက်မှာ ရာနဲ့ချီတဲ့ စစ်သားတွေဟာ စနစ်တစ်ကျ ချီတက်လာကြပုံပါ။ သူတို့ရဲ့ကြားမှာ ရှိတဲ့ထရပ်ကားပေါ်ကနေ လမ်းပေါ်ကလူတွေ အမြန်ဆုံး ထွက်သွားကြဖို့ အော်ဟစ်နေပါတယ်။အံ့သြစရာ မြင်ကွင်းကတော့ လူတွေဟာ ဆက်လက်အော်ဟစ် ဆန္ဒပြနေကြဆဲပါ။

စက်တင်ဘာလ ၂၈-ရက် (သောကြာနေ့)

အစိုးရပိုင် မီဒီယာကနေ သူတို့ဟာ သူတို့ ရေးသားထားတဲ့ သတင်းတွေကို ဖေါ်ပြထားတာကို တွေ့ရပါတယ်။ ဆန္ဒပြသူတွေဟာ လုံခြုံရေးတပ်သားတွေကို ခဲတွေနဲ့ပေါက်တဲ့အပြင် လေးခွတွေ ဓါးတွေနဲ့လည်း တိုက်ခိုက်ခဲ့တယ်လို့ စွပ်စွဲခဲ့ပါတယ်။ လုံခြုံရေးတပ်သားတွေဟာ သတိပေး ပစ်ခတ်မှုတွေ ပြုလုပ်ခဲ့ပေမဲ့ ဆန္ဒပြသူတွေဟာ လစ်လျူရှုခဲ့ကြတယ်လို့ ဆိုပါတယ်။ အစိုးရသတင်းဌာနတွေရဲ့ အဆိုအရ လူ ၁၀ဦး သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂ ဝန်ထမ်းတွေရဲ့ အဆိုအရ လူ ၄၀-ခန့် သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ သံတမန် တစ်ဦးရဲ့ အဆိုအရ သေဆုံးသူဦးရေဟာ ရာနဲ့ ချီပြီး ရှိမယ်လို့ ဆိုပါတယ်။ အကြမ်းဖက်နှိမ်နင်းမှုဟာ အလုပ်ဖြစ်ပုံရပါတယ်။ ပျောက်ကြားဆန္ဒပြတာတွေ ကြားရပေမယ့် ချီတက်တာတွေ မတွေ့ရတော့ပါဘူး။ အဓိက စုဝေးရာနေရာတွေဖြစ်တဲ့ ရွှေတိဂုံ စေတီတော်နဲ့ ဆူးလေ စေတီတို့ကို လုံခြုံရေးထူထူထပ်ထပ်ချထားပြီး ပိတ်ဆို့ထားလိုက်ပါတယ်။ နေရာအနှံ့အပြားမှာတော့ လုံခြုံရေးအဖွဲ့ဝင်တွေဟာ လူတွေကို ရိုက်နှက် ဖမ်းဆီးတာတွေ ကြားနေရပါတယ်။ ကျွန်တော်ရန်ကုန်ကနေ ဘန်ကောက်ကို ပြန်လည် ထွက်ခွာလာတဲ့အခါ မြန်မာ့ဒီမိုကရေစီ လှုပ်ရှားမှု ပုံရိပ်တွေဟာ ကျွန်တော့် အတွေးထဲကနေ တစ်ဖြေးဖြေး မှေးမှိန်လာပါပြီ။ နေရောင်နဲ့အတူ ဖြစ်ထွန်းနေတဲ့ သန့်တန့်ဟာလည်း စိတ်ဓါတ်တက်ကြွမှုကို မပေးနိုင်တော့ပါဘူး။ အစိုးရပိုင် မီဒီယာတွေမှာတော့ အေးချမ်းသာယာရေးနဲ့ တရားဥပဒေ စိုးမိုးရေးကို ပြန်လည်ရရှိပြီ ဖြစ်ကြောင်းနဲ့ ရောင်းဝယ်ဖေါက်ကားမှုတွေနဲ့ ခရီးသွားလာရေးတို့ ပုံမှန်အတိုင်းပြန်ဖြစ်နေပြီ ဖြစ်ကြောင်းတို့ကို ရေးသားဖေါ်ပြနေပါတယ်။ ကျွန်တော့်ရဲ့ အသိစိတ်မှာတော့ စစ်အစိုးရရဲ့ အောင်မြင်မှုဟာ စစ်ရေးသက်သက် အောင်မြင်မှု အဖြစ်သက်သေပြလာမှာပါ။ စစ်အစိုးရရဲ့ လူမဆန်တဲ့ ဖြိုခွင်းမှုဟာ စစ်ဗိုလ်ချုပ်တွေနဲ့ သံဃာတော်တွေအကြား အက်ကြောင်းထင်စေခဲ့ပါတယ်။ စစ်အစိုးရဟာ နှစ်ပေါင်းများ ဘုရားတွေတည် ကျောင်းတွေဆောက်ပြီး ပြည်သူတွေ၊ သံဃာတွေကို ဘုရားဒကာ အဖြစ် မြင်အောင် ကြိုးစားခဲ့ကြပါတယ်။ အခုတော့ သူတို့ကို အဲဒီလို မြင်ဖို့ဆိုတာ အတော်ခက်ပါလိမ့်မယ်။ စစ်တပ်အတွင်းမှာလည်း အကွဲအပြဲတွေ ဖြစ်လာနိုင်ပါတယ်။ စစ်တပ် အသိုင်းအဝိုင်းနဲ့ နီးစပ်သူတစ်ဦးရဲ့ သုံးသပ်ချက်ကတော့ “စစ်သားတွေဟာ လူတွေပါပဲ” တဲ့၊ ဟုတ်ပါတယ် စစ်သားတွေမှာလည်း မိသားစု အသိုင်းအဝိုင်းတွေ ရှိကြပါတယ်။ သူတို့မိသားစု ထဲမှာလည်း ဘုန်းကြီးဖြစ်နေသူတွေ ရှိကြပါတယ်။ ဟုတ်ပါတယ် ကျွန်တော်ကြားပြီးသား သတင်းတစ်ပုဒ်ဖြစ်တဲ့ ဘုန်းကြီးကို ရိုက်နေတဲ့စစ်သားကို မင်းဟာ သေရင် ငရဲပြည်ကို ရောက်ပါစေလို့ ကျိန်တဲ့အခါ အဲဒီစစ်သားဟာ မျက်ရည်တွေ ကျလာတယ်ဆိုတဲ့ သတင်းမျိုးဟာ အဲဒီအချက်ကို သက်သေပြနေတာပါ။

စစ်တပ်တွင်းရဲ့ ပြဿနာဟာ တစ်သက်လုံးပဲ ရှုံ့ချပြောဆိုခံနေရမယ့် အရေး တစ်ခုတည်း မဟုတ်ပါဘူး။ စစ်သားစုဆောင်း မရရှိမှုနဲ့ စစ်တပ်အတွင်းမှ ထွက်ပြေးနေမှု တွေကလည်း ထိုးနှက်ချက်တစ်ခုပါပဲ။ စစ်သားအရာရှိ တွေတောင်မှ ငွေကြေးကြပ်တည်းမှုကို ခံစားနေရတာပါ။ ကျွန်တော်တွေ့ခဲ့ရတဲ့ စစ်သားတစ်ချို့ဆိုရင် သံချေးတက်နေတဲ့ သေနတ်တွေကိုင်ထားကြပါတယ်။ ဂျပန်ခါတ်ပုံဆရာကို ပစ်သတ်လိုက်တဲ့ စစ်သားဆိုရင် ညှပ်ဖိနပ်ကို စီးထားတာပါ။ ဒီအရေးအခင်းကို ဖြစ်စေခဲ့တဲ့ စီးပွားရေး ကြပ်တည်းမှုကြီးကို မဖြေရှင်း နိုင်သေးပါဘူး။ မြန်မာပြည်ဟာ လူ့အခွင့်အရေး ချိုးဖေါက်မှုဒဏ်ကို ဆိုးဆိုးဝါးဝါး ခံစားနေရတဲ့ တစ်စပြင် ဖြစ်လို့နေပါပြီ။ အာရှတိုက်တစ်ခုလုံးမှာ ငှက်ဖျားကြောင့် သေဆုံးရတဲ့ အရေအတွက်ရဲ့ တစ်ဝက်လောက်ဟာ မြန်မာပြည်ကပါ။ အသက် ၅ နှစ်အောက် ခလေးငယ်တွေရဲ့ သုံးပုံ တစ်ပုံဟာ အဟာရ ချို့တဲ့မှုကို ခံစားနေရပါတယ်။ မြန်မာပြည်သူ လူထုအများစုရဲ့ တစ်နေ့ဝင်ငွေဟာ တစ်ဒေါ်လာအောက်မှာပဲရှိပါတယ်။ မြန်မာပြည်သူ လူထုတွေဟာ ခေါင်းငုံ့ အညံ့ခံတဲ့စိတ်ကို အောင်အောင်မြင်မြင် မွေးမြူထားပုံရပါတယ် လို့ ကျွန်တော့်ကို အမေရိကန် သံရုံးက Shari Villarosa က ပြောပြပါတယ်။ ဒါပေမယ့် သူတို့ဟာ အသက်ရှင် ရပ်တည်နိုင်ဖို့၊ သူတို့ မိသားစုတွေရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးတွေအတွက် ခက်ခက်ခဲခဲ ရုံးကန်နေရဆဲပါ။ အဲဒါကြောင့် နောက်တစ်ကြိမ် ပေါက်ကွဲမှု မလွဲမသွေ ဖြစ်လာဦးမှာပါ လို့ ဆက်ပြီးပြောပြပါတယ်။

အဲဒီလို ထပ်ဖြစ်ခဲ့ရင် ကမ္ဘာကြီးဟာ မြန်မာပြည်အတွက် ဘာလုပ်ပေးနိုင်မလဲ။ အခုအချိန်မှာ အစဉ်အလာမဟုတ်တဲ့ နိုင်ငံတစ်ကာရဲ့ ဖိအားပေးမှုတွေ ရှိနေတာတောင်မှ အထီးကျန် ဖြစ်နေတဲ့ နိုင်ငံခြားမုန်းတီးရေးဝါဒကို ဆုပ်ကိုင်ထားတဲ့ မြန်မာပြည်အပေါ် သက်ရောက်မှု တွေဟာ မေးခွန်းထုတ်စရာပါပဲ။ ကျွန်တော် ရှိနေတဲ့ အချိန်အတွင်းမှာပဲ မစ္စတာ ဂမ်ဘာရီ ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ၂-ကြိမ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ ၁-ကြိမ် တွေ့ဆုံဆွေးနွေးခွင့် ရခဲ့တာတောင်မှ သူတို့အကြားဆွေးနွေးပွဲတွေ မြန်မြန်ဖြစ်လာအောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ထို့အတူပဲ တရုတ်ဟာ သူတို့ရဲ့ မြန်မာပြည်အပေါ် ဩဇာ လွှမ်းမိုးမှုတွေကို အသုံးချမယ့် ဆိုတာဟာလို ချဲ့ကားပြောဆိုမှုတွေ ဖြစ်နိုင်ပါတယ်။ တရုတ်ပြည်ရဲ့ ကုလသမဂ္ဂ ကိုယ်စားလှယ် Wang Guangya က အခုဖြစ်နေတာတွေဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး သက်သက်သာ ဖြစ်တယ်လို့ ပြောသွားတာကို ထောက်ရှုသင့်ပါတယ်။

မြန်မာပြည်သူတွေဟာ ဒူးထောက်အရှုံး ပေးလိမ့်မယ် မဟုတ်ပါဘူး။ ကျွန်တော် မြန်မာနိုင်ငံက မထွက်ခွာခင်မှာ နိုင်ငံရေး အကျဉ်းသားဟောင်း တစ်ယောက်နဲ့ စကားပြောခွင့် ရခဲ့တယ်။ သူက ကျောင်းသားငယ်လေးတွေ ဒီအရေးအခင်းမှာ ပါဝင်ခဲ့သာကို အားရဝမ်းသာ ဖြစ်မိကြောင်း ပြောပြပါတယ်။ တစ်ချို့ ကျောင်းသားငယ်လေးတွေဆိုရင် ၈၈ အရေးအခင်း တုန်းကလိုပဲ ခွပ်ဒေါင်းအလံတွေ ကိုင်ပြီး ရှေ့ဆုံးကနေ ချီတက်ခဲ့တယ်။ မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးနိုင်ခဲ့တယ် ဆိုတာ ထင်ထင်ရှားရှား မြင်တွေ့ နိုင်ပါတယ်၊ ဝ၇ မျိုးဆက် သံဃာနဲ့ ပြည်သူ့ လှုပ်ရှားမှုကြီးဟာ မလွဲမသွေ ဖြစ်ပေါ်လာမှာပါ လို့ သူက ဆက်ပြီးပြောပြပါတယ်။

(ဘာသာပြန်-မီးပြတိုက်)